

# ကလေးများ ဖွံ့ဖြိုးလာပုံကို စောင့်ကြည့်ပါ

အောက်ပါစာရင်းသည် သင့်ကလေးက သုံးနှစ်အထိ ဖွံ့ဖြိုးတိုးတက်မှုမှတ်တိုင်များကို ပြည့်မီမှုရှိမရှိ စစ်ဆေးရန် ဖြစ်သည်။ ကြားဝင်ပြုပြင်သင်ကြားရေးကို အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းသည် လိုအပ်ချက်များကိုခွဲခြားသိမြင်ခြင်းနှင့် ဝန်ဆောင်မှုများနှင့် ထောက်ပံ့မှုများကို စောစီးစွာပေးဆောင်နိုင်ခြင်းအပေါ်မူတည်သည်။

## 0-4 လသားအရွယ်

- လက်တွေကို ပါးစပ်ထဲထည့်တတ်ခြင်း
- ဝမ်းဗိုက်ဖြင့် မှောက်လျက်နေသည့်အခါ လက်ဖြင့်တွန်း၍ ခေါင်းမော့တတ်ခြင်း
- ကျောဘက်ဖြင့် လှဲလျောင်းနေသည့်အခါ လူကြီးက အနီးကပ်ကိုင်ပြသည့် အရုပ်များကို လက်လှမ်းနိုင်ခြင်း
- ဝမ်းလျားမှောက်တတ်ခြင်းနှင့် ဝမ်းလျားမှောက်မှ ပြန်၍လှဲလျောင်းတတ်ခြင်း
- ခိုးခိုးခစ်ခစ်ရယ်တတ်ခြင်းနှင့် ပြုံးတတ်ခြင်း
- မျက်လုံးချင်းဆုံ၍ ကြည့်တတ်ခြင်း
- ကလေးကိုချီထားကာ လှုပ်ရမ်းပေးခြင်းဖြင့် ချော့၍ရခြင်း

## 5-8 လသားအရွယ်

- ခြေထောက်များကိုကိုင်ကာ ကစားတတ်ခြင်း
- ထိုင်တတ်ခြင်း (ထိုင်နေစဉ် အထောက်အပံ့အဖြစ် လက်များကိုအသုံးပြုလေ့ရှိသည်)
- စကားသံ မပီတပီ ထွက်တတ်ခြင်း
- အစားအစာကို စိတ်ဝင်စားကြောင်း ဖော်ပြခြင်း
- အခြားသူများနှင့် အပြန်အလှန်ဆက်ဆံရခြင်းကို နှစ်သက်ခြင်း (တူတူရေဝါးဆော့သလို)
- ကစားစရာတွေနဲ့ ကစားဖို့ လက်နှစ်ဖက်စလုံးကို အသုံးပြုတတ်ခြင်း
- ပစ္စည်းများကို လိုက်ကြည့်တတ်ခြင်း

## 9-12 လသားအရွယ်

- လက်မနှင့် လက်ချောင်းများကိုသုံး၍ ပစ္စည်းအသေးလေးများကို ကောက်ယူတတ်ခြင်း
- နာမည်ခေါ်သောအခါ သိရှိကြောင်းပြသခြင်း
- "မကြိုက်" ကြောင်း ဖော်ပြဖို့အတွက် ခေါင်းခါပြသည့် ကိုယ်ဟန်အမူအရာကဲ့သို့ ရိုးရှင်းသော ကိုယ်ဟန်အမူအရာများကို အသုံးပြုတတ်ခြင်း
- ပရိဘောဂများကို လိုက်ဆွဲတတ်ခြင်း
- "မေမေ" နှင့် "ဖေဖေ" တို့ကို အဓိပ္ပာယ်သိစွာ ခေါ်တတ်ခြင်း
- လက်ချောင်းများကိုသုံး၍ အစားအစာ စားတတ်ခြင်း

## 13-18 လသားအရွယ်


- အမှီအခိုမရှိဘဲ လမ်းလျှောက်တတ်ခြင်း
- အဝတ်အစား ဝတ်ဆင်ပေးရာတွင် အလိုက်တသင့်လိုက်ပါ၍ ဝတ်တတ်ခြင်း
- ပုံမှန်အိပ်စက်အနားယူသည့် အချိန်ဇယားရှိခြင်း
- ရိုးရှင်းသော စကားလုံးများနှင့် လုပ်ဆောင်ချက်များကို အတုယူတတ်ခြင်း
- ရေခွက်ကို လက်နဲ့ကိုင်ပြီး သောက်တတ်ခြင်း
- သင့်အနားကထွက်ပြီး လျှောက်သွားနေသည့်တိုင် မလှမ်းမကမ်းမှာ သင်ရှိနေကြောင်းကို ကြည့်တတ်ခြင်း

## 19-24 လသားအရွယ်

- ပြေးတတ်ခြင်း
- ပရိဘောဂပစ္စည်းတွေအပေါ် တက်တတ်ခြင်း
- ဘောလုံးကန်တတ်ခြင်း
- စာရွက်ပေါ်မှာ ရောင်စုံဖယောင်းခဲတံနဲ့ လျှောက်ခြယ်တတ်ခြင်း
- 24 လသားအရွယ်တွင် စကားလုံးပေါင်း 50 အထိ အသုံးပြုတတ်ခြင်း
- ကိုယ်ခန္ဓာအစိတ်အပိုင်း 5 ခုကို ခွဲခြားသိရှိခြင်း
- သင့်မျက်နှာကို ကြည့်ရှုပြီး အခြေအနေအသစ်တွေမှာ ဘယ်လိုတုံ့ပြန်ရမလဲဆိုတာ လေ့လာတတ်ခြင်း

## 24-36 လသားအရွယ်

- စကားလုံး 2-3 လုံးပါသော စကားစုများကို အသုံးပြုတတ်ခြင်း
- ရိုးရှင်းသော ညွှန်ကြားချက်များကို နားလည်ခြင်း
- တခြားကလေးတွေနဲ့အတူ အဖွဲ့ငယ်လေးတစ်ခုအဖြစ် လိုက်ပါကစားတတ်ခြင်း
- ဘောလုံးကို ပစ်တတ်ပြီး ဘောလုံးဖမ်းဖို့ ကြိုးစားတတ်ခြင်း
- ခက်ရင်းကို အသုံးပြုတတ်ခြင်း



**စောစော**သိရလေ ကလေးတွေ **ကောင်းကောင်း**ဖွံ့ဖြိုးလေပင် ဖြစ်သည်

# ကျွန်ုပ်တို့အဖွဲ့အစည်းအကြောင်း

မြောက်ကာရိုလိုင်းနား မွေးကင်းစကလေး-လမ်းလျှောက်တတ်စကလေး ပရိုဂရမ် (Infant-Toddler Program, ITP) သည် အထူးလိုအပ်ချက်များရှိနေသည့် မွေးကင်းစကလေးများ၊ လမ်းလျှောက်တတ်စကလေးများနှင့် ၎င်းတို့၏ မိသားစုများအား ဖွံ့ဖြိုးမှုဆိုင်ရာ ဝန်ဆောင်မှုများကို ထောက်ပံ့ပေးဆောင်သည်။ သင့်ကလေး ဖွံ့ဖြိုးတိုးတက်လာမှုကို ပံ့ပိုးပေးရန် ကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုအေဂျင်စီ (Children's Developmental Services Agencies, CDSAs) ဆယ့်ခြောက်ခုက ဒေသအလိုက် အဆိုပါဝန်ဆောင်မှုများကို ပေးဆောင်လျက်ရှိပါသည်။

ကလေးသည် အောက်ပါအခြေအနေများနှင့် ကိုက်ညီပါက ကလေးနှင့် မိသားစုသည် အထောက်အပံ့များနှင့် ဝန်ဆောင်မှုများကို လက်ခံရရှိနိုင်ပါသည်-



- ကလေးသည် 3 နှစ် အတွင်းရှိနေပြီး
- ဖွံ့ဖြိုးမှုပိုင်းဆိုင်ရာ နှောင့်နှေးနေခြင်း သို့မဟုတ် နှောင့်နှေးနိုင်သည့် ရောဂါအခြေအနေတစ်ခု ရှိနေသည်။

နှောင့်နှေးမှုသည် အောက်ပါကဏ္ဍများထဲမှ တစ်ခုနှင့်အထက် ဖြစ်နိုင်သည်-

- တွေးတောခြင်းနှင့် သင်ယူခြင်း
- လှုပ်ရှားခြင်း၊ မြင်ခြင်း၊ ကြားခြင်းနှင့် ကျန်းမာရေး
- အသံများကို နားလည်ပြီး အသုံးပြုခြင်း၊ ကိုယ်ဟန်အမူအရာများနှင့် စကားလုံးများ
- ဆက်ဆံရေးများတွင် တုံ့ပြန်နိုင်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်လာစေနိုင်ခြင်း
- အစာစားခြင်း သို့မဟုတ် အဝတ်အစားဝတ်ခြင်း စသည်တို့တွင် ကိုယ်တိုင်လုပ်ဆောင်နိုင်စွမ်း

နှောင့်နှေးနိုင်သည့် ရောဂါအခြေအနေရှိသော ကလေးဆိုသည်မှာ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးနိုင်ခြေရှိသည့် ချို့ယွင်းချက်ရှိနေကြောင်း ရှာဖွေတွေ့ရှိထားသည့် ကလေးတစ်ဦးဖြစ်သည်။ ယင်းတွင် မျိုးရိုးဗီဇပိုင်းဆိုင်ရာ ချို့ယွင်းမှုများ၊ အမြင်အာရုံပိုင်းဆိုင်ရာ အခက်အခဲများ၊ အကြားအာရုံဆုံးရှုံးခြင်း သို့မဟုတ် အော်တစ်ဇင်ရောဂါတို့ ပါဝင်နိုင်ပါသည်။

ကလေးများသည် အသက် 3 နှစ်ပြည့်သောအခါ သို့မဟုတ် ဝန်ဆောင်မှုများမလိုအပ်တော့သောအခါ ITP မှ ထွက်ခွာသွားကြသည်။ ကလေးများသည် ကျောင်း၊ အထူးပညာရေး သို့မဟုတ် အခြားရပ်ရွာအသိုင်းအဝိုင်းတွင်း ပရိုဂရမ်များသို့ ပြောင်းရွှေ့သွားကြလေ့ရှိသည်။ သင့်ကလေး၏ ဖွံ့ဖြိုးတိုးတက်မှုပိုင်းဆိုင်ရာ လိုအပ်ချက်များကို စောစီးစွာ သိရှိရပါက ကလေးအပြည့်အဝ ဖွံ့ဖြိုးလာစေရန် ထောက်ပံ့ပေးရာတွင် အကူအညီဖြစ်စေမည် ဖြစ်သည်။

# ကျွန်ုပ်တို့ လုပ်ဆောင်သည့် အရာများ

ITP သည် မွေးကင်းစကလေးများနှင့် လမ်းလျှောက်တတ်စကလေးများ၏ ဖွံ့ဖြိုးမှုပိုင်းဆိုင်ရာ လိုအပ်ချက်များကို ပြည့်မီစေရန် ဆောင်ရွက်ရာတွင် ၎င်းတို့၏ မိသားစုများကို အကူအညီပေးရန် စီစဉ်ဖန်တီးထားပါသည်။ ITP အထောက်အပံ့များနှင့် ဝန်ဆောင်မှုများကို ကလေးများသွားလာလှုပ်ရှားလေ့ရှိသည့် လူမှုအဖွဲ့အစည်းအတွင်း ပေးဆောင်လေ့ရှိပြီး ကလေးနှင့် မိသားစု၏ နေ့စဉ်လုပ်ရိုးလုပ်စဉ်များနှင့် ချိန်ညှိ၍ ပေးဆောင်ပါသည်။

## ကျွန်ုပ်တို့၏ မျှော်မှန်းချက်နှင့် ရည်မှန်းချက်

ကျွန်ုပ်တို့၏ မျှော်မှန်းချက်မှာ NC မွေးကင်းစကလေးနှင့် လမ်းလျှောက်တတ်စကလေး ပရိုဂရမ်၌ စာရင်းသွင်းထားသော ကလေးများ၏ မိသားစုနှင့် စောင့်ရှောက်သူများအား သူတို့၏ ကလေးငယ်များကို အကောင်းဆုံးဖွံ့ဖြိုးတိုးတက်လာစေရန် ကူညီပေးရာတွင် အထောက်အပံ့ရရှိစေရန်ဖြစ်သည်။

ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ နေ့စဉ်သင်ယူနိုင်မည့် အခွင့်အလမ်းများကို အသုံးပြု၍ မိသားစုများနှင့် ကလေးငယ်များအား သူတို့၏ အိမ်နှင့် လူမှုအသိုင်းအဝိုင်းအတွင်း အောင်မြင်လာစေရန် ပံ့ပိုးကူညီပေးဖို့ ဖြစ်သည်။ မိသားစုများတစ်စုနှင့်တစ်စုကြား မတူကွဲပြားမှုများကို ကျွန်ုပ်တို့ဘက်က နားလည်၍ လေးစားပေးမည်ဖြစ်ပြီး အထောက်အထားအခြေပြုသည့် အလေ့အကျင့်များကို သုံး၍ ကျွန်ုပ်တို့လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပါသည်။

# ကျွန်ုပ်တို့ဘက်ကကမ်းလှမ်းထားသည့် အရာများ

လိုအပ်ပါက သင့်ကလေးနှင့် မိသားစုအတွက် အထောက်အပံ့အဖြစ် ရယူနိုင်သည့် ဝန်ဆောင်မှုများကို ဖော်ပြထားပါသည်-

- အကဲဖြတ်စစ်ဆေးခြင်း
- ဝန်ဆောင်မှု ညှိနှိုင်းဆောင်ရွက်ခြင်း
- အထူးညွှန်ကြားချက်/ ရပ်ရွာအသိုင်းအဝိုင်းအခြေပြု ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုများ (Community-Based Rehabilitative Services, CBRS)
- ကိုယ်လက်လှုပ်ရှားမှု၊ လုပ်ဆောင်ချက်များဆောင်ရွက်နိုင်စွမ်းနှင့် စကားပြောခြင်းဆိုင်ရာ ကုထုံးများ
- အထောက်အကူပြု နည်းပညာဆိုင်ရာ ပစ္စည်းကိရိယာများ
- မိသားစု ပံ့ပိုးကူညီရေး
- သူနာပြုနှင့် အာဟာရဆိုင်ရာ အထောက်အပံ့

ITP အကဲဖြတ်ခြင်း၊ စစ်ဆေးခြင်းနှင့် ဝန်ဆောင်မှုညှိနှိုင်းဆောင်ရွက်ခြင်းများကို အခမဲ့ဆောင်ရွက်ပေးပါသည်။ အခြား ITP ဝန်ဆောင်မှုများကို မိသားစုဝင်ငွေအပေါ် မူတည်၍ ကုန်ကျစရိတ်လျှော့ချပေးသည့် စနစ်ဖြင့် ပံ့ပိုးပေးမည်ဖြစ်ပါသည်။ Medicaid နှင့် ပုဂ္ဂလိက အာမခံများကို သင့်ခွင့်ပြုချက်ဖြင့်သာ ငွေတောင်းခံမည် ဖြစ်ပါသည်။ ဝန်ဆောင်မှုညှိနှိုင်းရေးဆိုင်ရာ တာဝန်ခံက ဝန်ဆောင်မှုများ ထည့်သွင်းခြင်းမပြုမီ သက်ဆိုင်သည့် ကုန်ကျစရိတ်အားလုံးကို သင်သေချာသိရှိစေရန် ပြောပြပေးမည်ဖြစ်သည်။



# စတင်ရမည့် နည်းလမ်း


သင့်ကလေး၏ ဖွံ့ဖြိုးတိုးတက်မှုပိုင်းဆိုင်ရာတွင် စိုးရိမ်စရာများ ရှိနေပါက စောင့်ကြည့်မနေပါနှင့်။

**ဆက်သွယ်ပါ။** သင့်ကလေးကို ITP တွင် စာရင်းသွင်းနိုင်ရန် CDSA ထံ ဖုန်းခေါ်ဆို၍ဖြစ်စေ၊ စာရေးသား၍ဖြစ်စေ၊ ကိုယ်တိုင်သွားရောက်၍ဖြစ်စေ ဆောင်ရွက်နိုင်ပါသည်။

**အကဲဖြတ်စစ်ဆေးမှု ခံယူပါ။** သင့်ကလေးသည် ITP အတွက် သတ်မှတ်ချက်ပြည့်မီမှုရှိမရှိ သိနိုင်ရန် CDSA က ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကဲဖြတ်စစ်ဆေးမှုကို ပြုလုပ်မည်ဖြစ်သည်။

**ပါဝင်ဆောင်ရွက်ပါ။** သင့်မိသားစုအတွက် ဝန်ဆောင်မှုညှိနှိုင်းရေးတာဝန်ခံတစ်ဦး သတ်မှတ်ထားရှိပေးမည်ဖြစ်သည်။ သင့်ကလေးသည် ITP အတွက် သတ်မှတ်ချက်ပြည့်မီပါက သင့်ကလေး အောင်မြင်စွာ ဖွံ့ဖြိုးလာနိုင်စေရန် ဝန်ဆောင်မှု/ထောက်ပံ့ရေး အစီအစဉ်တစ်ခုကို ဖန်တီးရာတွင် သင့်ဘက်က အကူအညီပေးရပါမည်။

**စောစီးစွာဆောင်ရွက်ပါ။** စောစောသိရလေ ကလေးတွေ ကောင်းကောင်းဖွံ့ဖြိုးလေပင် ဖြစ်သည်။



# သင့်ကလေးအတွက် ရည်ညွှန်းပေးနိုင်သည့် ပျားကောင်လမ်းကြောင်းလေးကို ဖန်တီးပါ




**1** ဝန်ဆောင်မှုညှိနှိုင်းရေးတာဝန်ခံက သင့်မိသားစုကို စာရင်းသွင်းသည့် လုပ်ငန်းစဉ်တစ်လျှောက် လမ်းညွှန်ပေးမည်ဖြစ်သည်။

**2** သင့်ကလေး၏ ကျန်းမာရေး၊ ကြိုက်နှစ်သက်သည့်အရာများ၊ မကြိုက်သည့်အရာများ၊ အားသာချက်များနှင့် အခက်အခဲများကို ကျွန်ုပ်တို့အား ပြောပြပါ။

**3** သင့်ကလေးသည် ITP ဝန်ဆောင်မှုအတွက် သတ်မှတ်ချက်ပြည့်မီမှုရှိမရှိ ဆုံးဖြတ်ရန် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကဲဖြတ်စစ်ဆေးမှုကို ကျွန်ုပ်တို့ပြုလုပ်မည်ဖြစ်သည်။

**4** သတ်မှတ်ချက်ပြည့်မီသွားပါက ဝန်ဆောင်မှုညှိနှိုင်းရေးတာဝန်ခံသည် မိသားစုအလိုက်သီးသန့်သတ်မှတ်ထားသည့် ဝန်ဆောင်မှုအစီအစဉ် (Individualized Family Service Plan, IFSP) ကို သင်နှင့်အတူ ဖန်တီးမည်ဖြစ်သည်။

**5** သင့် IFSP တွင် စာရင်းပြုစုထားသော ဝန်ဆောင်မှုများသည် ရက်ပေါင်း 30 အတွင်း စတင်မည်ဖြစ်သည်။

**6** သင့်ကလေးနှင့် မိသားစု၏လိုအပ်ချက်များ ပြောင်းလဲလာသည်နှင့်အမျှ IFSP ပြောင်းလဲသွားမည် ဖြစ်သည်။ IFSP ကို အနည်းဆုံး ခြောက်လတစ်ကြိမ် ပြန်လည်သုံးသပ်စစ်ဆေးမည်ဖြစ်သည်။

**7** သင့်ဝန်ဆောင်မှုညှိနှိုင်းရေးတာဝန်ခံက သင့်ကလေး ITP မှထွက်ခွာသည့်အခါ နောက်ထပ်လုပ်ဆောင်ရမည့် အဆင့်များကို စီစဉ်ပေးပါလိမ့်မည်။

## သင့် CDSA ကို ရှာဖွေရန်

ဤ CDSA ဆယ့်ခြောက်ခုသည် NC ရှိ ခရိုင် အခု 100 တွင် ကလေးများနှင့် မိသားစုများအတွက် မွေးကင်းစကလေး-လမ်းလျှောက်တတ်စကလေး ပရိုဂရမ်ဝန်ဆောင်မှုများကို ပေးဆောင်လျက်ရှိပါသည်။

1. **CDSA of Western NC • 828-250-3400**
   *Buncombe, Cherokee, Clay, Graham, Haywood, Henderson, Jackson, Macon, Madison, Swain and Transylvania*
2. **CDSA of the Blue Ridge • 828-265-5391**
   *Alleghany, Ashe, Avery, Mitchell, Watauga, Wilkes and Yancey*
3. **CDSA of the Cape Fear • Wilmington Office: 910-945-6021 • Fayetteville Office: 910-912-2200**
   *Bladen, Brunswick, Columbus, Cumberland, Duplin, New Hanover, Pender, Robeson and Sampson*
4. **CDSA of the Sandhills • 910-621-6200**
   *Anson, Harnett, Hoke, Lee, Montgomery, Moore, Richmond and Scotland*
5. **Concord CDSA • 704-998-5730**
   *Cabarrus, Iredell, Rowan, Stanly and Union*
6. **Durham CDSA • 984-250-1580**
   *Chatham, Durham, Franklin, Granville, Orange, Person, Vance and Warren*
7. **Greensboro CDSA • 743-902-5400**
   *Alamance, Caswell, Guilford, Randolph and Rockingham*
8. **Greenville CDSA • 252-737-1177**
   *Beaufort, Bertie, Greene, Hyde, Martin, Pitt and Wayne*
9. **Mecklenburg County CDSA • 704-336-7100**
10. **Morganton-Hickory CDSA • 828-433-5171**
    *Alexander, Burke, Caldwell, Catawba and McDowell*
11. **New Bern CDSA • 252-514-4770**
    *Carteret, Craven, Jones, Lenoir, Onslow and Pamlico*
12. **Elizabeth City CDSA • 252-338-4044**
    *Camden, Chowan, Currituck, Dare, Gates, Hertford, Pasquotank, Perquimans, Tyrrell and Washington*
13. **Raleigh CDSA • 919-664-1800** • *Wake*
14. **Rocky Mount CDSA • 252-316-4800**
    *Edgecombe, Halifax, Johnston, Nash, Northampton and Wilson*
15. **Shelby CDSA • 980-552-4600**
    *Cleveland, Gaston, Lincoln, Polk and Rutherford*
16. **Winston-Salem CDSA • 336-713-7412**
    *Davidson, Davie, Forsyth, Stokes, Surry and Yadkin*

*ပိုမို သိရှိလိုပါက-*

**ncdhhs.gov/itp-beearly**



NC DEPARTMENT OF
**HEALTH AND HUMAN SERVICES**
Division of Child and Family Well-Being
NC Infant-Toddler Program (NC ITP)

www.ncdhhs.gov/itp-beearly

NCDHHS is an equal opportunity employer and provider. • 3/2026